# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 22 , 2023 Volume 66, Number 14


၂၂.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှ တာဝန်ရှိသူတို့အားတွေ့ဆုံ



https://www.commerce.gov.mm

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့၊ (၁၂:၀၀) နာရီအချိန်တွင် ကူမင်းမြို့ Haigeng Garden Convention Center ၌ ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Ning မှ တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လည်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအလုပ်သဘော နေ့လည်စာစားပွဲတွင် မြန်မာ့လယ်ယာထွက်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်၍ တရုတ်နိုင်ငံဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအပြင် တန်ဖိုးမြှင့်လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနည်းပညာမြှင့်တင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် လျှင်မြန်ချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ ပါတီအတွင်းရေးမှူးက မြန်မာနိုင်ငံရှိ လေဘေးသင့်ပြည်သူများအတွက် ယူနန်ပြည်နယ်အစိုးရမှ တရုတ်ယွမ်ငွေ ငါးသိန်း (၅၀၀၀၀၀) လှူဒါန်းမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကူမင်းမြို့၌ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ၏ အဖွဲ့ဝင် Mr. Zhao Zenglian နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ မြန်မာနိုင်ငံမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် GACC ၏ခွင့်ပြုချက်ရရှိရေး၊ လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့ခြင်းဖြင့် ပို့ကုန်လုပ်ငန်းရှင်များသာမက စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလုပ်ငန်းရှင်များလည်း အကျိုးကျေးဇူးကို ခံစားနိုင်သည့်အတွက် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရေးတွင် အထောက်အကူဖြစ်ရေး၊ နယ်စပ်ဂိတ်များကို နည်းပညာသုံး၍ လုပ်ငန်းများဆောင်ရွက်နိုင်ရေးနှင့် ပြတင်းတစ်ပေါက်စနစ် (Single Window)

ထူထောင်ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ကုန်သွယ်မှု အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်နိုင်ရေးတို့ကို ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့သည်။


ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့က မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီးနှင့်အတူ တရုတ်-မြန်မာ နယ်စပ်ဂိတ်များဖြစ်သည့် မန်ဝိန်း၊ နန်းတော်၊ ဆင်ဖြူ ဟိုဆောင်၊ ကျိမ်စန်းကျော့၊ ပန်ဆိုင်/ကြူကုတ် နယ်စပ်ဂိတ်များသို့ သွားရောက်၍ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ လူဝင်/လူထွက် လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ပို့ကုန်၊ သွင်းကုန် ယာဉ်အဝင်/အထွက် ရှင်းလင်းရေးလုပ်ငန်းစဉ်များအား ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေလီမြို့တွင် မြန်မာနိုင်ငံမှတင်ပို့သည့် ကျောက်စိမ်းများအား အချောထည်ပြုလုပ်၍ တရုတ်နိုင်ငံတစ်ဝှမ်းသို့ Online/Offline ဖြင့် ဖြန့်ဖြူးရောင်းချနေသည့် ကျောက်စိမ်းရောင်းဝယ်ရေးစင်တာသို့ သွားရောက်ကြည့်ရှုပြီးနောက် မြန်မာနိုင်ငံမှ တင်ပို့သည့်ဆန်အား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နေသည့် လုပ်ငန်းဆောင်ရွက်မှုအား သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ တဲဟုန်မြို့ ပြည်နယ်ခွဲပါတီအတွင်းရေးမှူး၊ Mr. Jiang Shan ကုန်သွယ်မှုနှင့် သက်ဆိုင်သော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဂိတ်များအကြား အခြေခံ အဆောက်အဦများ မြှင့်တင်နိုင်ရေး၊ ကုန်သွယ်မှုအတွက် ဘဏ်စနစ်တိုးမြှင့်အသုံးပြုပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရေး၊ နှစ်နိုင်ငံသဘောတူညီပြီးဖြစ်သည့် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဇုန်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေး ကော်မတီအစည်းအဝေး ပုံမှန်ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လင်ချန်းမြို့တော်ဝန်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ



https://www.commerce.gov.mm

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့ (၀၉:၀၀) နာရီအချိန်တွင် လင်ချန်းမြို့ ဘူတာရုံတွင် တရုတ် – မြန်မာ အိန္ဒိယသမုဒ္ဒရာ ရေလမ်းကြောင်းသစ်တည်ဆောက်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးဇုန် တည်ဆောက်ရေးနှင့် အနာဂတ်စီမံကိန်းများအား လင်ချန်းမြို့၊ ဒုတိယမြို့တော်ဝန် Mr. Zhao Zijie က မြေပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၁:၀၀) နာရီအချိန်တွင် Lintong Hotel ၌ တရုတ်ကွန်မြူနစ်ပါတီ လင်ချန်းမြူနီစပယ် ကော်မတီအတွင်း ရေးမှူး၊ Mr. Zhang Zhizheng နှင့် လင်ချန်းမြို့တော်ဝန်၊ Mr. Du Jianhui အပါအဝင် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးကိစ္စရပ်များ၊ နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် လင်ချန်းမြို့ပြ စီမံကိန်း ပြတိုက်နှင့် ဝမ်ယောင်ကျေးရွာရှိ ကြွေထည်မြေထည်ထုတ်လုပ်သည့်လုပ်ငန်းတို့သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက အသေးစိတ် လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80

## သွင်းကုန် ကုန်စည်လိုင်းပေါင်း ၃၀၇၅ လိုင်းကိုအလိုအလျောက် သွင်းကုန်လိုင်စင်စနစ်ဖြင့် လိုင်စင်ထုတ်ပေးမည်

သွင်းကုန် ကုန်စည်လိုင်းပေါင်း ၃၀၇၅ လိုင်းကို ဇွန် ၁ ရက်မှစတင်ကာ အလိုအလျောက် သွင်းကုန်လိုင်စင်စနစ်ဖြင့် လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန MACCS ဌာနခွဲ၏ ထုတ်ပြန်ချက်အရသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့် သွင်းကုန် ကုန်စည်လိုင်းပေါင်း ၃၀၇၅ လိုင်းကို Trade Net 2.0 စနစ်တွင် Automatic Licensing စနစ်ဖြင့် ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဧပြီ ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ၎င်းသွင်းကုန် ကုန်စည်လိုင်းပေါင်း ၃၀၇၅ လိုင်းကို အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်တွင်လည်း ဇွန် ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်လိုအပ်သော အကောက်ခွန်နှုန်းလိုင်းများအဖြစ် Setting ထားရှိပြီးဖြစ်ကြောင်း အသိပေးထားသည်။

သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ဇွန် ၁ ရက်တွင် စတင်အကျိုးသက်ရောက်မည့် Automatic Licensing စနစ်ဖြင့် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော ကုန်စည်များအတွက် သွင်းကုန်ကြေညာလွှာ တင်သွင်းရာတွင် အခက်အခဲ တစ်စုံတစ်ရာရှိပါက ရုံးချိန်အတွင်း Help Desk Section 01-370429 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲက အသိပေးထားသည်။

**Source: https://t.me/sdtimedaily**

## ၁၂.၅.၂၀၂၃ မှ ၁၉.၅.၂၀၂၃ရက်နေ့ထိဈေးကွက်သုံးသပ်ချက်




မတ်ပဲ

မတ်ပဲကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ဈေးကွက်အတွင်းဈေးတွေမြင့်တက်နေပေမယ့် အရောင်းအဝယ်ကတော့ အများကြီးမရှိဘူးလို့ ကုန်သည်တွေကဆိုပါတယ်။ မုန်တိုင်းနောက်ဆက်တွဲကြောင့် ပျက်စီးမှုတွေရှိခဲ့ပြီး သယ်ယူပို့ဆောင်စရိတ်မြင့်တက်မှုတွေကြောင့် ပြည်တွင်းဈေးတက်နေတာဖြစ်ပေမယ့် ပြည်ပ FOB ပေါက်ဈေးနှုန်းကတော့ ငြိမ်နေပါတယ်။

အိန္ဒိယနိုင်ငံကို တင်ပို့ရောင်းချရာမှာလည်း ကုန်သည်တွေက ဈေးအတက်ကိုစောင့်ပြီး လှောင်နေတာတွေရှိနေလို့ ဈေးတည်ငြိမ်ဖို့အတွက် နှစ်နိုင်ငံအစိုးရချင်း တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ ကုန်သွယ်ရေးသတင်းတွေမှာ ဖော်ပြထားပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၂၂၇၅၀၀၀ ပေါက်ဈေးရှိနေပြီး တစ်တန်ကို ၈၅၀၀၀ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း သုံးတင်းဝင်တစ်အိတ်ကို ၂၂၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၈၀၀၀ ကျပ် ဈေးတက်လာပါတယ်။ အခြားနယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ အောင်လံကုန်စည်ဒိုင်၊ မုံရွာ၊ ပြည်တို့မှာလည်း တစ်တင်းကို ၇၀၀၀၀ ကနေ ၇၄၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၃၀၀၀ လောင်လက်ဈေး မြင့်တက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဆက်တိုက်ဈေးမြင့်တက်နေပြီး တစ်တန်ကို သိန်း ၃၀ ထိ ရောက်နိုင်မလားဆိုတာ စောင့်ကြည့်နေရတဲ့ အခြေအနေဖြစ်နေပါတယ်။ တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ၂သိန်းနီးပါး မြင့်တက်လာခဲ့တာပါ။ လက်ရှိပြည်တွင်းမှာဈေးမြင့်တက်နေပေမယ့် ရောင်းစရာပစ္စည်း လက်ကျန်မရှိဘူးလို့ နယ်ကုန်စည်ဒိုင်တွေထံကနေ သိရပါတယ်။

ပဲစင်းငုံနီဈေးမြင့်တက်တာဟာ အိန္ဒိယနိုင်ငံရဲ့ လိုအပ်ချက်ကြောင့်အပြင် ပြည်တွင်းပဲအထွက်နှုန်း လျော့နည်းတာတွေကြောင့်လည်း ပါဝင်ပါတယ်။ အိန္ဒိယနိုင်ငံကတော့ ပဲစင်းငုံနီ လိုအပ်ချက်မြင့်မားနေမှုနဲ့အတူ ပဲဈေးကွက်ကို ထိန်းချုပ်ရန်ကြိုးပမ်းနေပေမယ့်လည်း လက်ရှိအချိန်ထိ ပဲဈေးက မြင့်တက်နေဆဲ အနေအထားမှာ ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၂၇ သိန်းနီးပါးထိ ရောက်ရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂ သိန်းနီးပါး ဈေးမြင့်တက်လာခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၄၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၈၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

အခြား နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ ပခုက္ကူဈေးကွက်၊ အောင်လံဈေးကွက်၊ မုံရွာဈေးကွက်နဲ့ ပြည်ဈေးကွက်တို့မှာ ပဲစင်းငုံနီ တစ်တင်းကို ၈၀၀၀၀ ကနေ ၈၂၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၃၀၀၀ ကျပ်ဈေးတက်လာပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ လတ်တလော ဈေးကွက်ထဲကို အဝင်နည်းပြီး ဈေးကလည်း အနည်းငယ်သာ အပြောင်းအလဲ ရှိနေပါတယ်။ အခြားပို့ကုန်ပဲတွေ ဈေးမြင့်တက်နေတဲ့အတွက် အနည်းငယ်ဈေးမြင့်တက်နေပေမယ့် အရောင်းအဝယ်အေးနေတယ်လို့ ကုန်စည်ဒိုင်တွေကနေ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ခရမ်းရွှေဝါ)က တစ်ပိဿာကို ၃၈၃၀ ကျပ်၊ ပဲခူးရွှေဝါက တစ်ပိဿာကို ၃၆၃၀ ကျပ်နဲ့ ဈေးငြိမ်ပါတယ်။ ဝါးခယ်မကတော့ တစ်ပိဿာကို ၂၃၃၀ ကနေ ၂၇၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၀ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲတီစိမ်း အထက်စတွေဖြစ်တဲ့ ရွှေဝါတို့က အရောင်းအဝယ်မရှိပဲ ပဲတီစိမ်းအညာက တစ်အိတ်ကို ၁၉၀၀၀၀ ကနေ ၁၉၇၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်ဈေး တက်လာပါတယ်။

မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၄၂၅၀၀ ကနေ ၆၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၅၀၀ လောက်သာ ဈေးမြင့်တက်လာပါတယ်။

**ပဲကြီး**

ပဲကြီးဈေးကလည်း မြင့်တက်လာပါတယ်။ ဈေးကွက်ထဲကို အဝင်နည်းနေတာဖြစ်လို့ ဈေးတက်လာတာဖြစ်ပါတယ်။ ပဲကြီးကပြည်တွင်း ဝယ်ယူမှုများပြီး စိုက်ဧကလည်း လျော့နည်းတာဖြစ်လို့ ဈေးကောင်းရရှိတဲ့ပဲလည်း ဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲကြီးက ၄၄၃၀ မှ ၄၇၈၀ ပေါက်ဈေးရှိပြီး အတက်ဈေးနဲ့ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ သုံးတင်းဝင်တစ်အိတ်ကို ၂၅၀၀၀၀ ကနေ ၂၇၀၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေး တက်လာပါတယ်။

မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၈၉၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ ကျပ်ဈေးတက်လာပါတယ်။

**နှမ်းမျိုးစုံ**

ရက်အတန်ကြာငြိမ်နေခဲ့တဲ့ နှမ်းမျိုးစုံက ဒီတစ်ပတ် မုန်တိုင်းကြောင့် စိုက်ခင်းဧကတွေပျက်စီးခဲ့ပြီး ဈေးတွေလည်း မြင့်တက်လာခဲ့ပါတယ်။ နယ်အချို့မှာ နှမ်းအသစ်တွေ ဝင်နေပြီဖြစ်ပေမယ့် မိုးကြောင့်ပျက်စီးခဲ့ပြီး အရည်အသွေးလည်း မကောင်းဘူးလို့ နှမ်းကုန်သည်တွေ ထံကနေသိရပါတယ်။

မန္တလေးဈေးကွက်မှာတော့ နှမ်းနက်(စမုံ)က တစ်အိတ်ကို ၃၀၀၀၀၀ ကနေ ၃၄၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀၀ ကျပ် ဈေးတက်လာပါတယ်။ အောင်လံဈေးကွက်မှာလည်း တစ်အိတ်ကို ၂၉၅၀၀၀ ကနေ ၃၀၅၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ်ဈေးတက်လာပါတယ်။

နှမ်းဖြူကတော့ ဈေးကွက်ထဲ အသစ်တွေ အနည်းငယ်ဝင်နေပြီး ဈေးကောင်းနေပါတယ်။ နှမ်းဖြူ(ဂျပန်)က မန္တလေး ဈေးကွက်မှာ တစ်အိတ်ကို ၃၂၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀လောက် ဈေးမြင့်တက် လာပါတယ်။ နှမ်းဖြူရိုးရိုး ကတော့ တစ်အိတ်ကို ၃၂၀၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ်ဈေးတက်ပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၁၀၈၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ်ဈေးတက်လာပါတယ်။

နှမ်းညိုကလည်း အသစ်ဝင်ရောက်နေပေမယ့် ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၂၇၅၀၀၀ ကနေ ၂၇၈၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၃၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။ မုံရွာဈေးကွက်မှာလည်း တစ်တင်းကို ၉၀၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၅၀၀ ကျပ်ဈေးတက်လာပါတယ်။ ပန်းနှမ်းကလည်း တစ်အိတ်ကို ၂၀၀၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ်ဈေးတက်လာပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၅-၅-၂၀၂၃ မှ ၁၉-၅-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၂၂၄၅၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၄၈၅၀၀၀ နှင့် **ပဲစင်းငုံ** Red/RC (2022 Crop) ကျပ် ၂၅၇၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၃၀၀၀၀ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2022 Crop) ကျပ် ၃၄၀၀၀ နှင့် Red/RC (2022 Crop) ကျပ် ၁၀၀၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၇၅ လုံး ( တန်ချိန် ၁၈၀၀) နှင့် **ပဲစင်းငုံ** Red/RC (2022 Crop) ကွန်တိန်နာ ၅ လုံး ( တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၆၅ လုံး ( တန်ချိန် ၁၅၆၀) နှင့် **ပဲစင်းငုံ** Red/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး ( တန်ချိန် ၃၆၀ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး **ပဲစင်းငုံ** Red/RC (2022 Crop) ကွန်တိန်နာ ၁၀ လုံး ( တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မြွားနီ ကျပ် ၁၁၅၀၀၊ ပန်းရဲ ရေတ်(သစ်) AC ကျပ် ၁၂၀၀၀၊ မိုးထောင်( ဒီမွန်) ကျပ် ၁၂၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၅၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၄၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မိုးထောင်( ဒီမွန်) ကျပ် ၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ရေတ်ဈေးများငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ရေတ်ရှည် အိတ်ပေါင်း ၈၀၀၀(၁၆၀၀၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၇၀၀ (၁၀၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည် အိတ်ပေါင်း ၂၅၀၀( ၅၀၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သဖြင့် ရေတ်ရှည် အိတ်ပေါင်း ၅၅၀၀ ( ၁၁၀၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ရေတ်ပုမှာဝင်ရောက်မှု မရှိကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၁၅၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၆၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများ မှာ တောင်သာမလိုင်(ဒုံး) ကျပ် ၁၆၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၀၀၊ ပခုက္ကူကြိမ်း ကျပ် ၂၈၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၃၆၀၀၊ ကြံသကာ(စစ်) ကျပ် ၂၈၅၀ နှင့် သကြား( ပြည်တွင်း)ကျပ် ၃၂၂၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင် (ဒုံး) ကျပ် ၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၁၀၀၊ ကြံသကာ(စစ်) ကျပ် ၅၀ နှင့် သကြား ( ပြည်တွင်း ) ကျပ် ၁၃၀ ဈေးမြင့်တက်ခဲ့ပြီး ပခုက္ကူကြိမ်းမှာ ကျပ် ၅၀ ဈေးကျဆင်းခဲ့ ကြောင်းသိရသည်။

**SSMaw (Domestic (Ygn) MITC**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ယခုနှစ်တွင် သရက်သီးတန်ချိန်(၄၀၀၀)ဖြင့် နှစ်ဆတင်ပို့နိုင်ခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံစိုက်ပျိုးပညာပေးရေးဌာနသည် ယခုနှစ်ရာသီတွင် ပြည်ပတင်ပို့နိုင်မည့် သရက်သီးတန်ချိန် (၁၀၀၀၀) ထုတ်လုပ်နိုင်ရန် ချမှတ်ဆောင်ရွက်ထားရှိပါသည်။ သစ်သီးဝလံ တင်ပို့သူများအနေဖြင့်လည်း နိုင်ငံ၏ အမျိုးသားအဆင့် သစ်သီးဝလံကို လက်ရှိ ဘဏ္ဍာရေးနှစ် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ယခင်နှစ်တင်ပို့ခဲ့သည့် (၁၇၅၇)တန်ထက် နှစ်ဆကျော်ဖြင့် တန်ချိန် (၄၀၀၀)တင်ပို့ရန် ရည်ရွယ်ထားရှိကြပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်နှစ်က Khirshapat, Gopalbhog, Himsagar, Langra, Amrapali အမျိုးအစားများ အပါအဝင် သရက်သီးအမျိုးအစား(၇)မျိုးကို တင်ပို့နိုင်ခဲ့ကာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၂၃၆,၀၂၇) ရရှိခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက စိုက်ပျိုးရေးထွက်ကုန် တစ်ခုဖြစ်သော သရက်သီးပို့ကုန်များအပေါ် ၂၀ ရာခိုင်နှုန်း ငွေကြေး ထောက်ပံ့မှုပြုလုပ်ပေးကြောင်း သိရှိရပါသည်။

ရင်းမြစ်– dailyindustry.new

## ဒူးရင်းသီးရောင်းချရမှု အမြင့်ဆုံးရာသီတွင် အရည်အသွေးမြင့် ဒူးရင်းသီးဈေးနှုန်းများ တည်ငြိမ်လျက်ရှိနေ

ဒူးရင်းသီးသည် တရုတ်နိုင်ငံစားသုံးသူများအကြား လူကြိုက်အများဆုံး သွင်းကုန် သစ်သီးဝလံတစ်မျိုးဖြစ်ကာ တရုတ်နိုင်ငံတွင် ဒူးရင်းသီးဝယ်လိုအားမှာ မြင့်တက်လျှက်ရှိသည်။ ယခုနှစ် မေလအတွင်း ဒူးရင်းသီးရောင်းဝယ်မှုများ အမြင့်ဆုံးရာသီသို့ ရောက်ရှိလာခဲ့ကာ ဈေးကွက်တွင် စုစုပေါင်း ရောင်းလိုအား ဝယ်လိုအားပမာဏများ မြင့်တက်လာခဲ့သည်။ ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားသူများ၏ အဆိုအရ လက်ရှိဒူးရင်းသီးဈေးနှုန်းသည် အရည်အသွေး၊ မူရင်းထွက်ရှိ ဒေသနှင့် အမျိုးအစားတို့ပေါ်တွင် မူတည်နေကြောင်း၊ အရည်အသွေးမြင့်အမျိုးအစားများမှာ ဈေးနှုန်းခိုင်မာနေပြီး အရည်အသွေးနိမ့် အမျိုးအစားများမှာ ဈေးနှုန်းနိမ့်ကျလျှက်ရှိကြောင်း သိရှိရပါသည်။

အဓိကအချက်မှာ ထိုင်းနိုင်ငံအရှေ့ပိုင်းမှ ဒူးရင်းသီးရောင်းချနိုင်မှုများ ကျဆင်းလာပြီး ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒူးရင်းသီး ထုတ်လုပ်မှုဧရိယာများမှ အရေအတွက်များစွာ စတင်ရောင်းချမှု မရှိသေးခြင်းကြောင့်ဖြစ်ကြောင်း၊ အရှေ့ဘက်ပိုင်းရှိ ဒူးရင်းသီး အဝယ်ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံဘက်တွင် ဈေးနှုန်းမြင့်တက်မှုရှိနေကြောင်း၊ သိရှိရပါသည်။ ဇူလိုင်လတွင် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒူးရင်းသီးများစွာ ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ပြီး အရည်အသွေးနှင့် အရသာမှာမူ အရှေ့ပိုင်းထက် အနည်းငယ်နိမ့်ကျကာ ဈေးနှုန်းလည်း ကျဆင်းနိုင်မည်ဟု မျှော်လင့်ထားရှိပါသည်။

မကြာသေးမီနှစ်များအတွင်းက အရှေ့တောင်အာရှနှင့်အခြားဒူးရင်းသီးထုတ်လုပ်သည့် နိုင်ငံများသည် တရုတ်နိုင်ငံ၏ ကြီးမားသောဈေးကွက်ကို ဦးတည်လာကြကာ တရုတ်စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး တရုတ်နိုင်ငံ ဈေးကွက်ဝေစုရယူရန် တရုတ်ဈေးကွက်သို့ ဒူးရင်းသီးများ တင်ပို့လာကြပါသည်။ လတ်ဆတ်သောဒူးရင်းသီးများသည် အေးခဲ ဒူးရင်းသီးများထက် သယ်ယူပို့ဆောင်မှုပိုင်းနှင့် သိုလှောင်ထိန်းသိမ်းမှုပိုင်းတွင် ပိုမိုခက်ခဲမှုများရှိကာ ၂၀၂၂ခုနှစ်မတိုင်မီအထိ ထိုင်းနိုင်ငံတစ်နိုင်ငံသာ တရုတ်နိုင်ငံသို့ လတ်ဆတ်နှင့်အေးခဲဒူးရင်းသီးများ တင်ပို့နိုင်ခဲ့ပါသည်။ အခြားအရှေ့တောင် အာရှ နိုင်ငံများဖြစ်ကြသည့် မလေးရှား၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် တရုတ်နိုင်ငံသို့ အေးခဲဒူးရင်းသီးများသာ တင်ပို့နိုင်ကြပြီး တရုတ်နိုင်ငံအနေဖြင့်လည်း နေရာများစွာမှ ဝယ်ယူတင်သွင်းနိုင်ရန် ၎င်း၏ သွင်းကုန်တင်သွင်းမှုပုံစံကို စိစစ် သုံးသပ်လျက်ရှိပါသည်။

၂၀၂၂ခုနှစ် ဇူလိုင်လတွင် တရုတ်နိုင်ငံ၏ဈေးကွက်လိုအပ်ချက်များနှင့်ကိုက်ညီသော ဗီယက်နမ်နိုင်ငံမှ လတ်ဆတ် ဒူးရင်းသီးများကို ခွင့်ပြုပေးခဲ့ကာ ၂၀၂၃ခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းသောဒူးရင်းသီးများကို ခွင့်ပြုပေးခဲ့ သည်။ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတစ်ခုတည်းမှ ဝယ်ယူတင်သွင်းမှုပုံစံကို ပြောင်းလဲ၍ အခြားဝယ်ယူရရှိနိုင်မည့် နိုင်ငံများမှ လည်း တိုးချဲ့ဝယ်ယူရန် ဆောင်ရွက်လာပါသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံမှ ဒူးရင်းသီးများကို တင်သွင်းခွင့်ပြုပေး ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံတွင် ဒူးရင်းသီးရောင်းချမှုဈေးကွက်တိုးတက်မြင့်မားလာပြီး တစ်နှစ်ပတ်လုံး လတ်ဆတ် ဒူးရင်းသီး များကို ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်လာနိုင်ပါသည်။

ဗီယက်နမ်နိုင်ငံသည် ရေတိုကာလတွင် ထိုင်းနိုင်ငံထက် သယ်ယူပို့ဆောင်မှုစရိတ်၊ ထောက်ပံ့ပို့ဆောင်မှုအချိန်နှင့် ဈေးနှုန်းပိုင်းတို့တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာနိုင်သော်လည်း အကောက်ခွန်ရှင်းလင်းခြင်း အဆင်ပြေလွယ်ကူစေမှု၊ အရည် အသွေးနှင့် ရောင်းချမှုကွင်းဆက်တည်ဆောက်မှုပုံစံများတွင် ထိုင်းနိုင်ငံထက် နောက်ကျကျန်နေခြင်းများရှိကြောင်း သိရှိရ ပါသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဒူးရင်းသီးထုတ်လုပ်နိုင်မှုအဆင့်အတန်းသည် ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံထက် အရည်အသွေးနိမ့်ကျ နေပြီး ဒူးရင်းသီးပို့ကုန်စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများမှာလည်း အဆိုပါနိုင်ငံများလောက် ကောင်းမွန်ခြင်း မရှိကြောင်း သိရှိရပါသည်။

လက်ရှိ တရုတ်နိုင်ငံ ဒူးရင်းသီးဈေးကွက်ဝေစု ပြိုင်ဆိုင်နေမှုအခြေအနေအရ ထိုင်းနိုင်ငံမှ ဒူးရင်းသီးများ တရုတ်နိုင်ငံဈေးကွက်တွင် နေရာရယူထားမှုသည် ရေတိုကာလတွင် အခက်အခဲများရှိနေနိုင်ပြီး ရေရှည်ကာလတွင် အရည်အသွေးကောင်းမွန်ပြီး စရိတ်သက်သာစွာဆောင်ရွက် ပေးနိုင်သည့်နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံဈေးကွက်ဝေစုပိုမိုရရှိနိုင်မည်ဟု သုံးသပ်ထားကြောင်း သိရှိရပါသည်။

ရင်းမြစ်– China Fruit Marketing Association

## ယခုနှစ် ဗီယက်နမ် သစ်သီးဝလံ ကန်ဒေါ်လာ ၄ ဘီလီယံဖိုး တင်ပို့ရန်လျာထား


https://www.foodindustrydirectory.com.mm

ဗီယက်နမ်သည် တရုတ်ဈေးကွက်သို့ ပထမ ၃ လပတ်တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ကန်ဒေါ်လာ ၁ ဘီလီယံဖိုးနီးပါး တင်ပို့ခဲ့သည်ဟု ဗီယက်နမ်သစ်သီးဝလံအသင်း Vietnam Fruit Association (Vinafruit) အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ပြောကြားသည်။ ဒူးရင်း၊ ကန်စွန်းဥ၊ ၄က်ပျောသီးတို့ကို တရုတ်အစိုးရနှင့် စာချုပ်ချုပ်ဆိုပြီး တင်ပို့ခဲ့သည်။ ထို့ပြင် ဒူးရင်းသီး အမြောက်အမြား တင်ပို့ခဲ့သည်။ နဂါးမောက်သီး၊ သရက်သီး၊ ဖရဲသီး၊ ပိန္နဲသီးနှင့် ကြက်မောက်သီးတို့ကိုလည်း တင်ပို့ခဲ့သည်။ အခွံစိမ်း ကျွဲကော၊ အုန်းသီးအစိမ်း၊ ထောပတ်သီး၊ သံပုရာ၊ နာနတ်သီးနှင့် သကြားသီးတို့ကိုလည်း တင်ပို့ခဲ့သည်။

ကျွဲကောသီးများကို အမေရိကန်သို့ တင်ပို့သည်။ ပင်မှည့်သီးများကို နယူးဇီလန်သို့ တင်ပို့သည်။ ယခုနှစ်တွင် သစ်သီးဝလံ တင်ပို့မှုသည် ကန်ဒေါ်လာ ၄ ဘီလီယံဖိုးအထိ ရှိမည်ဟု လျာထားသည်ဟု Nguyen က ပြောကြားသည်။

ဗီယက်နမ်သည် ယမန်နှစ်က သစ်သီးဝလံတင်ပို့မှုမှ ကန်ဒေါ်လာ ၃.၄ ဘီလီယံနီးပါး ရရှိခဲ့သည်။ အကြီးမားဆုံး အခက်အခဲမှာ အသိအမှတ်ပြု ကုဒ်အမှတ်ရ စိုက်ခင်းဧရိယာနှင့် ထုပ်ပိုးအလုပ်ရုံ နည်းပါးနေသေးခြင်းဖြစ်သည်ဟု Nguyen က ပြောကြားသည်။ ဗီယက်နမ်တွင် ကုဒ်အမှတ် ရရှိထားသော စိုက်ခင်းဧရိယာ ၂၄၆ ခုသာရှိသည်။ ကုဒ်အမှတ် ရထားသော ထုပ်ပိုးအလုပ်ရုံ ၁၀၀ ခန့်သာရှိသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက ထိုင်းနိုင်ငံတွင် ကုဒ်ရထားသည့် စိုက်ခင်းခုရေ ၂ သောင်းဝန်းကျင်နှင့် ကုဒ်ရထားသည့် ထုပ်ပိုးအလုပ်ရုံ ၂,၀၀၀ ဝန်းကျင် ရှိသည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6206-vietnam-fruit.html

## အယ်နီညိုကြောင့် ထိုင်းဆန်ထုတ်လုပ်မှု ထိခိုက်နိုင်ပြီး ဆန်ဈေးထပ်တက်ဖွယ်ရှိနေ

အယ်နီညိုရာသီဥတု ဖြစ်ထွန်းပြီး မိုးရေချိန် လျော့နည်းနိုင်ခြေရှိတာကြောင့် ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံး ထိုင်းနိုင်ငံက တောင်သူတွေအနေနဲ့ ဒီနှစ်မှာ နှစ်တိုင်းလို စပါးနှစ်သီးမစိုက်ဘဲ တစ်သီးသာစိုက်ပျိုးကြဖို့ အစိုးရပိုင်းက တောင်းဆိုနေတာ တွေ့ရပါတယ်။

စပါးဟာ ရေသုံးစွဲမှုမြင့်မားပြီး သွင်းရေနဲ့ သဘာဝမိုးရေအပေါ် အားပြုနေရတဲ့သီးနှံ ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ဖျက်လိုဖျက်ဆီး ရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှု ထိခိုက်လာနိုင်တဲ့ ကနဦးလက္ခဏာတွေ တွေ့နေရပါတယ်။ ဆန်စပါးထုတ်လုပ်မှု ကျဆင်းလာမယ်ဆိုရင် ကမ္ဘာ့လူဦးရေထက်ဝက်ကျော် မှီခိုနေရတဲ့ အခြေခံသီးနှံဆန်ဈေးတွေ ထပ်မံမြင့်တက်လာဖို့ ရှိပါတယ်။

စပါးတစ်သီးတည်းသာ စိုက်ပျိုးဖို့အတွက် ထိုင်းအစိုးရရဲ့ ပန်ကြားတဲ့သတင်းကို ဘန်ကောက်ပို့စ်သတင်းဌာနက ထိုင်းအစိုးရ ရေအရင်းအမြစ်ရုံးရဲ့ ထုတ်ပြန်ချက်ကို ကိုးကားဖော်ပြခဲ့တာတာပါ။ ဖြစ်လုဖြစ်ခင် အယ်နီညိုရာသီဥတုပုံစံကြောင့် ပြီးခဲ့တဲ့သီတင်းပတ်တွေမှာ အရှေ့တောင်အာရှ နိုင်ငံတွေအတွင်း အလွန်အမင်းပူပြင်းတဲ့နေ့ရက်တွေ ကြုံတွေ့ခဲ့ရပါတယ်။ အယ်နီညိုဟာ အာရှတိုက်ဒေသများစွာကို ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုမျိုးတွေ ဖြစ်ပေါ်စေလေ့ရှိတာဖြစ်ပါတယ်။ ဒါကြောင့် ဆန်စပါးအပြင် စားအုန်းဆီ၊ ကိုကိုးစေ့နဲ့ ထိုင်းနိုင်ငံက ပမာဏများစွာထုတ်လုပ်နေတဲ့ သကြားအထွက်နှုန်းလည်း ကျဆင်းမယ့် အလားအလာ ရှိနေပါတယ်။

ထိုင်းသကြားထုတ်လုပ်မှုအနေနဲ့တော့ အောက်တိုဘာလက စတင်မယ့် ရာသီအတွင်း ၂၀၀၉-၁၀ နောက်ပိုင်း အနိမ့်ကျဆုံးကို ရောက်ရှိသွားနိုင်ပါတယ်။

မေလ တတိယပတ်မှာ စတင်လေ့ရှိတဲ့ ထိုင်းနိုင်ငံ မိုးရာသီဟာ ဒီနှစ်မှာတော့ အတော်လေး နောက်ကျနိုင်ပြီး ဇွန်လထဲမှာလည်း ကွက်ကြားမိုးလောက်သာ ရွာသွန်းနိုင်ကြောင်း ဘန်ကောက်ပို့စ်က ရေးသားဖော်ပြထားပါတယ်။ ထိုင်းရေအရင်းအမြစ်ဌာနကတော့ ဆည်ရေတွေ ခန်းမသွားအောင် အစီအစဉ်တစ်ရပ် ချမှတ်အကောင်အထည်ဖော်နေပြီး တောင်သူလယ်သမားတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း တောင်းခံထားပါတယ်။

လက်ရှိကမ္ဘာ့ရာသီဥတုဖြစ်စဉ်အနေအထားဟာ အယ်နီညိုလည်းမဟုတ် လာနီညာလည်းမဟုတ်တဲ့ ကြားအခြေအနေ (Neutral) မှာရှိနေတာဖြစ်ပြီး ဇူလိုင်၊ ဩဂုတ်လတွေလောက်ကျရင်တော့ အယ်နီညိုဖြစ်စဉ်နဲ့ ကြုံတွေ့ရနိုင်ချေ ရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

**Ref: El Nino May Slash Thai Rice Crop and Spur Inflation Across Asia – Bloomberg**

**Source:** https://greenwaymyanmar.com/posts/Thailand_rice_produciton_and_Elnino

## STOCK EXCHANGE (22.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,286 (Shares) | 16,669,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,100 | 8,200 | 8,000 | 1,871 | 15,322,300 | 33,109,694 | 271,500 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,900 | 304 | 888,950 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 45 | 315,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 16 | 23,200 | 29,664,613 | 43,014 |
| TMH | 00005 | 2,400 | -100 | -4.00% | 2,400 | 2,400 | 2,400 | 50 | 120,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 22nd May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.36 | -0.73 | -0.20% | 357.48 | 359.36 | 354.50 | 2,286 | 16,669,450 | 7 | 633,219 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd May, 2023

| Trading Volume | Trading Value |
| --- | --- |
| 2,286 (Shares) | 16,669,450 (MMK) |

### Main Board

As of 1:00 pm, 22nd May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 2,286 (Shares) | 16,669,450 (MMK) |

| MYANPIX | 359.36 ▼ 0.73 |
| --- | --- |
| Total Volume (shares) | 2,286 |
| Total Value (MMK) | 17 mil |
| Listed Company | 7 |
| Market Cap. (MMK) | 633,219 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 100 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |

TIR